၁၂၁၇ ။ လူသားတို့သည် အခြေအနေအားလျော်စွာ ဟန်နှင့်မာန်ကို စနစ်ကျစွာကျင့်သုံးကြလျက် မိမိတို့၏ အောင်မြင်ကြီးပွားရေးကို ရှက်ဆောင်တတ်ကြလေသည်။ ၄င်းကို ညို့ဓာတ်ဟူ၍လည်းကောင်း၊ သမာဓိဟူ၍လည်းကောင်း ဆိုကြသော်လည်း အမှန်အရေးကြီးဆုံးသောဟန်မှာ ကျင့်ဝတ်သိက္ခာသာလျှင်ဖြစ်ပြီးလျှင် အမှန်တရားနှင့်အကျိုးကျေးဇူးများကို ရရှိနိုင်ကြလေသည်။ တိရစ္ဆာန်တို့ထက် လူကသာလွန်ချက်မှာ ဤမှုပင်ဖြစ်လေသည်။

၁၂၁၈ ။ များလှစွာသော ပျိုရွယ်သူတို့သည် ခေတ်မီပညာများကို အများအပြား သင်ကြားတတ်မြောက်ကြလေသည်။ ၄င်းပညာဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ ပြည်သူလူအများတို့ကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်းကောင်း၊ အခြေအနေမြင့်မားအောင် ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်ခြင်းရှိသည်ဟု ဆိုရပါသည်။ အချို့တို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပင်မပြုဘဲ ရှိကြသည်မှာလည်း အများအပြားပင်ရှိလေသည်။

၁၂၁၉ ။ များစွာသောတိုးတက်အောင်မြင်လိုသူတို့သည် အသီးသီးအတတ်ပညာတို့ကို သင်ကြားထားကြပြီးသော်လည်း မိမိတို့၏ ဝါသနာနှင့်လည်းကောင်း၊ ခေတ်နှင့်လည်းကောင်း မကိုက်ညီသောကြောင့် နေရာတကျ အသုံးမချတတ်ဘဲ



စာရိတ္တဗလချို့ယွင်းမှုများဖြင့် အောင်မြင်မှုကို မရနိုင်ဘဲဖြစ်၍ နေကြရလေသည်။

၁၂၂၀ ။ လူတို့၏ဉာဉ်သဘာဝမှာ အကျိုးကျေးဇူးများစွာပင် ပြုခဲ့ဖူးသည်ကို မထောက်ထားဘဲ တခါတရံ အနည်းငယ်မျှသော အပြစ်အမှားကလေးကို ပြုမိရုံဖြင့် ကျေးဇူးချေဖျက်တတ်ခြင်းမှာ လူ့ဓလေ့ကြီးပင် ဖြစ်နေလေသည်။ အခါများစွာ ပေးကမ်းဖူးပါလျက် တစ်ခါမပေးခြင်းကြောင့်လည်း မိတ်ပျက်တတ်လေသည်။

၁၂၂၁ ။ လူတို့သည် မိမိတို့ သဘောမပေါက် နားမလည်သောအခြင်းအရာတစ်ခုကို ယုံကြည်လေ့မရှိခြင်းမှာ ဓမ္မတာပင်ဖြစ်လေရာ ထိုအခြင်းအရာကို မိမိတို့မသိတိုင်း မယုံကြည်ခြင်းလည်း မပြုထိုက်ပေ။ ယုံကြည်မှု လျှင်မြန်ခြင်းကိုလည်း မပြုထိုက်ပေ။

၁၂၂၂ ။ လူတစ်ဦးတစ်ယောက်သည် သူကိုယ်တိုင် ဟုတ်မှန်သည်ဟု ထင်နေသောအချက်များကို ရိုးသားစွာ ယုံကြည်နေသဖြင့် သဘောတရားမှန်ပင် မဟုတ်သော်လည်း ပြုမူပြောဆိုလုပ်ကိုင်နေသောအချက်တို့ကို ကောင်းစွာ နားလည်ပြီးနောက် သူ၏သဘောတရားကို အလေးအနက် ပြုသင့်ပေသည်။